# Mekong-Ganga Food Festival held in Yangon

## CULTURAL EXCHANGE PROGRAM: MEKONG-GANGA FOOD FESTIVAL IN YANGON

Local




24 February 2025

"Mekong-Ganga Food Festival", organized by Indian Embassy in collaboration with Indian Women's Association of Yangon and Myanmar Women Entrepreneurs Network, was held at the Secretariat in Yangon on 23rd February.


The event aims to promote friendship between the two countries through cultural exchanges and sharing experiences. Union Minister for Hotels and Tourism U Kyaw Soe Win attended the Festival and delivered a speech.

The festival featured variety of booths, showcasing Myanmar and Indian Traditional foods and handicrafts. The event commenced with lighting oil lamps, followed by the performance of songs and dances from both India and Myanmar. Then, Indian Ambassador to Myanmar Mr. Abhay Thakur, Chairpersons of Indian Women's Association of Yangon and Myanmar Women Entrepreneurs Network gave remarks respectively.

After wards, Union Minister U Kyaw Soe Win delivered a speech, saying that Myanmar and India are neighboring countries with long-lasting friendship and profound people-to people relations. He also expressed his believe that organizing food festivals could help promote culinary tourism between the two countries.

The Union Minister urged all to participate in promoting the Myanmar- India Tourism development. Then, the festival was inaugurated by cutting the ribbon, followed by the cultural performance of Myanmar and India artistes.

Dynamic scenes from the Mekong-Ganga Food Festival at the Secretariat Yangon on Thein byu Road yesterday.



Dynamic scenes from the Mekong-Ganga Food Festival at the Secretariat Yangon on Thein byu Road yesterday.

# Mekong-Ganga Food Festival held in Yangon

February 24, 2025 · Myanmar News Agency · 278

## The Mekong-Ganga Cooperation (MGC) was formed by India and five ASEAN countries: Cambodia, Laos, Myanmar, Thailand, and Vietnam. One of the key activities of the MGC is promoting tourism through cultural exchanges.



Dynamic scenes from the Mekong-Ganga Food Festival at the Secretariat Yangon on Theinbyu Road yesterday.

Union Minister for Hotels and Tourism U Kyaw Soe Win delivered a speech at the Mekong-Ganga Food Festival, organized by the Embassy of India in Yangon in collaboration with the Indian Women's Association in Yangon and the Myanmar Women Entrepreneurs Network, at the Secretariat Yangon, located on Theinbyu Road, Yangon, yesterday.

The event was organized to enhance the bilateral friendship between Myanmar and India through cultural interaction and the exchange of experiences.

The event was attended by Yangon Region Chief Minister U Soe Thein, Mayor U Bo Htay, officials from the Ministry of Hotels and Tourism and related departments, Indian Ambassador to Myanmar Mr Abhay Thakur, ambassadors and diplomats from foreign embassies, the chairpersons of the Indian Women's Association in Yangon and the Myanmar Women Entrepreneurs Network, and guests.

The Union minister, the Yangon Region chief minister, the Indian ambassador, and the festival attendees first toured the Myanmar and Indian food stalls, as well as souvenir, handicraft, and clothing stalls. They inaugurated the festival by lighting a lamp, followed by performances of Indian and Myanmar songs and dances.

The Indian ambassador and the chairpersons of the Indian Women's Association in Yangon and the Myanmar Women Entrepreneurs Network then delivered opening remarks.

The Union minister stated in his speech that today's event would provide an opportunity to enhance the friendship between the two countries by sharing the rich cultural heritage and positive experiences between Myanmar and India. The Mekong-Ganga Cooperation (MGC) was formed by India and five ASEAN countries: Cambodia, Laos, Myanmar, Thailand, and Vietnam. One of the key activities of the MGC is promoting tourism through cultural exchanges. Today's food festival is an excellent initiative for the development of tourism between Myanmar and India. The ministry is implementing tourism promotion programs, such as the ASEAN Food Festival in Myanmar, through public-private partnerships to promote tourism. He expressed his belief that today's festival would further strengthen bilateral relations and create new opportunities for cultural exchange and tourism development.

The Union minister also presented the performers with unique gifts and took a photo. Afterwards, the Union minister, the Yangon Region chief minister, and the ambassador cut the ribbon to officially open the festival. —MNA/TH



Dynamic scenes from the Mekong-Ganga Food Festival at the Secretariat Yangon on Theinbyu Road yesterday.

One News Myanmar
February 23 at 9:11 PM ·

မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးစေလိုကြောင်း ဟိုတယ် ခရီးဝန်ကြီး ပြော

----------------------------------

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြ စေလိုကြောင်း ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက ပြောပါတယ်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံးမှာ ဖေဖော်ဝါရီ ၂၃ ရက်၊ ညနေပိုင်းက ကျင်းပပြုလုပ်တဲ့ မဲခေါင်-ဂင်္ဂါ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်က... See more

See Translation















120 · 3 comments · 2 shares

Like · Comment · Send · Share

Yangon Media Group

February 23 at 9:18 PM ·

#NationalNews

မြန်မာ-အိန္ဒိယချစ်ကြည်ရေးမြှင့်တင်သည့်အနေဖြင့် မဲခေါင်-ဂင်္ဂါ အစားအစာပွဲတော်ကျင်းပ

ဖေဖော်ဝါရီ ၂၃၊ ၂၀၂၅

▪ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကကြီးမှူးကျင်းပတဲ့ မဲခေါင်−ဂင်္ဂါ အစားအစာပွဲတော်ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပခဲ့ပါတယ်။... See more

See Translation




Htet Htet San and 55 others

2 shares

Like Comment Send Share

# Mekong-Ganga, India-Myanmar food festival draws massive crowd

24/02/2025 12:00 161



Phyo Lin Aung – (NP News) Feb 24

Yangon – The Mekong-Ganga, India-Myanmar food festival was held at the Secretariat, Yangon, on February 23 from 3pm to 9 pm.

That food festival was organized by Myanmar Women Entrepreneurs Network (MYANWEN) and Indian Women's Association of Yangon aiming to attract public awareness with regional traditional foods of India and Myanmar, to strengthen friendship between the two countries through cultural exchange, and to develope local micro, small and medium enterprises.

The opening ceremony was attended by officials including Union Minister of the Ministry of Hotels and Tourism U Kyaw Soe Win, Yangon Region Chief Minister U Soe Thein, Yangon Mayor U Bo Htay, and Indian Ambassador to Myanmar Abhay Thakur.

The ceremony included lighting the lamp, delivering speeches by officials, and cutting the ribbon, as well as entertaining the festival attendees with traditional Indian-Burmese dances.

The Mekong-Ganga, India-Myanmar food festival features 46 stalls selling traditional Burmese and Indian food and products.

In addition, it has been known that the proceeds from the food festival will be used for charitable purposes.

# မဲခေါင်-ဂင်္ဂါ၊ အိန္ဒိယ-မြန်မာအစားအစာ ယဉ်ကျေးမှုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

23/02/2025 21:14 👁 447

Share 0




NP News - ဖေဖော်ဝါရီ ၂၃

မဲခေါင်-ဂင်္ဂါ၊ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့၊ ဝန်ကြီးများရုံးတွင် ယနေ့ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ညနေ ၃ နာရီမှ ည ၉ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ အစားအစာယဉ်ကျေးမှုပွဲတော်ကို မြန်မာစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများ ကွန်ယက် - Myanmar Women Entrepreneurs Network (MYANWEN) နှင့် Indian Women's Association of Yangon တို့ ပူးပေါင်းပြီး အိန္ဒိယ- မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာ အစားအသောက်များကို လူအများသိရှိလာစေရန်၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုများ ဖလှယ်၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနား ဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Abhay Thakur အပါအဝင် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆီမီးထွန်းညှိခြင်း၊ တာဝန်ရှိသူများက မိန့်ခွန်းပြောကြားခြင်းနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ပွဲတော်တက်ရောက်လာသူများအတွက် အိန္ဒိယ- မြန်မာ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

မဲခေါင်-ဂင်္ဂါ၊ အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှုပွဲတော်တွင် မြန်မာနှင့် အိန္ဒိယ ရိုးရာအစားအစာနှင့် ပစ္စည်းဆိုင်ခန်းပေါင်း ၄၆ ဆိုင် ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ အစားအစာ ယဉ်ကျေးမှုပွဲတော်မှ ရရှိလာသော အမြတ်ငွေများကိုလည်း ပရဟိတလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

# ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံးတွင် 'မဲခေါင်-ဂင်္ဂါ' အိန္ဒိယ-မြန်မာ အစားအစာ ယဉ်ကျေးမှု ပွဲတော် ပြုလုပ်

NEWS



PUBLISHED 24 FEBRUARY 2025

ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး The Secretariat အဆောက်အဦးတွင် 'မဲခေါင်-ဂင်္ဂါ' အိန္ဒိယ-မြန်မာအစားအစာ ယဉ်ကျေးမှုပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်၊ ညနေ ၅ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

'မဲခေါင်-ဂင်္ဂါ' အိန္ဒိယ-မြန်မာ အစား အစာ ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့၊ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုး သမီးများ အသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်း ရှင်အမျိုးသမီးများကွန်ရက်တို့နှင့် ပူးပေါင်းပြီး လုပ်ခြင်းဖြစ်သည်။


အဆိုပါပွဲတော်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွားအမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုး သမီးများကွန်ရက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းယဉ်ကျေးမှုပွဲတော်တွင် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများအပါအဝင် စုစုပေါင်း ၄၆ ခန်းပါဝင်ပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယ-မြန်မာအစားအစာယဉ် ကျေးမှုပွဲတော်သို့ လာရောက်သူများကို အိန္ဒိယယဉ်ကျေးမှုအသင်းအဖွဲ့များက အိန္ဒိယရိုးရာအကများ၊ တေးသီချင်းများ၊ မြန်မာယဉ် ကျေးမှုအသင်းအဖွဲ့များက ရုပ်သေးအကများ၊ မဂ်လာပါသီချင်းဖြင့် ယဉ်ကျေးမှုအကများဖြင့် ကပြ ဖျော်ဖြေ တက်ဆက်ခဲ့ကြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက ယနေ့ အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သောဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွား လုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမို ခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည် ကြောင်း ယင်းပွဲတော်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

## MOST READ




• အားကစားဒါရိုက်တာအသစ်ကို မတ်လအတွင်း ခန့်အပ်ရန် အာဆင်နယ်အသင်း ရည်မှန်း



• ဒေးစီဗီလန်အသင်းသို့ တိုနာလီ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိ




• ဟာရီကိန်းကို မန်ယူအသင်းထံ ခေါ်ယူရန် ဆာဂျင်မ်ရက်က လစ်ဗ် ဆန္ဒရှိ



• မန်ယူအသင်းတွင် တချုပ်ကုန်သည့်အထိ ကက်စီမီရို ဆက်ရှိလို



• မာဆေးလ်အသင်းဥက္ကဋ္ဌ ပွဲ ပယ်ပြစ်ဒဏ် (၁၅)ပွဲ ချမှတ်ခံရ



• ကင်မင်ချ်အား တချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ဘိုင်ယန်မြူးနစ်



• လီဗာပူးလ်တွင် ဆာလာ ဆက်ရှိနိုင်သည်ဟု ဘင်နီတက်စ် သုံးသပ်



• ပရီးမီးယားလိဂ်ချန်ပီယံဆုနှင့် ခိုင်ဟေဆာ လွဲချော်ဖွယ်ရှိ

## MOST RECENT

တောင်အာဖရိကတ၏ HIV/AIDS အစီအစဉ်များအတွက် အမေရိကန်၏ ရန်ပုံငွေထောက်ပံ့မှု ရပ်တန့်ခြ...

9 MIN AGO

• ဟာရီကိန်းကို မန်ယူအသင်းထံ ခေါ်ယူရန် ဆာဂျင်မ်ရက်ကလစ်ဗ် ဆန္ဒရှိ

1 HOUR AGO

• ဒေးစီဗီလန်အသင်းသို့ တိုနာလီ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိ

1 HOUR AGO

• မန်ယူအသင်းတွင် တချုပ်ကုန်သည့်အထိ ကက်စီမီရို ဆက်ရှိလို

1 HOUR AGO

## BETV Business's Post

**BETV Business**
February 24 at 3:46 PM ·

မဲခေါင်-ဂင်္ဂါ အိန္ဒိယ-မြန်မာ အစားအစာယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့၌ ကျင်းပခဲ့

ရန်ကုန်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး (ရန်ကုန်) နှင့် အိန္ဒိယအမျိုးသမီးများအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များကွန်ရက်တို့ ပူးပေါင်းကာ မဲခေါင်-ဂင်္ဂါ အိန္ဒိယ-မြန်မာ အစားအစာယဉ်ကျေးမှုပွဲတော်ကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်မြို့နယ်၊ သိမ်ဖြူလမ်းမပေါ်ရှိ ဝန်ကြီးများရုံး၌ ညနေ ၃ နာရီမှ ည ၉ နာရီအချိန်အထိ ကျင်းပခဲ့သည်ဟု သတင်းရရှိပါသည်။

အဆိုပါပွဲတော်ကို  မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အိန္ဒိယ-မြန်မာ အစားအစာ ဆိုင်ခန်းပေါင်း ၅၀ ခန့် ပါဝင်ကာ ဆင်ယင်ကျင်းပခဲ့သည်။

အခမ်းအနားကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဘိုဌေးနှင့် သံအမတ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr.Abhay Thakur နှင့် ဇနီးဖြစ်သူ အိန္ဒိယအမျိုးသမီးများအသင်းဥက္ကဋ္ဌ Dr.Surabhi Thakur၊ မြန်မာနိုင်ငံအမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များကွန်ရက်၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာစုလှဟန်တို့က ဧည့်သည်များကို ကြိုဆိုဧည့်ခံခဲ့ကြသည်ဟု သတင်းရရှိပါသည်။

ယခုနှစ်ကျင်းပခဲ့သည်  မဲခေါင်-ဂင်္ဂါ အိန္ဒိယ-မြန်မာ အစားအစာယဉ်ကျေးမှုပွဲတော်ကို ဧည့်ပရိသတ်ပေါင်း ၃၀၀၀ ခန့်က ပါဝင်ဆင်နွှဲခဲ့ကြသည်။

မဲခေါင်-ဂင်္ဂါ အိန္ဒိယ-မြန်မာ အစားအစာယဉ်ကျေးမှုပွဲတော်ကို အရှေ့တောင်အာရှ၊ အိန္ဒိယ-မြန်မာနိုင်ငံတို့ရှိ မတူကွဲပြားသော အရသာများကို ပေါင်းစပ်ထားသည့် ကြွယ်ဝသော  မဲခေါင်-ဂင်္ဂါ ဒေသရှိ ချက်ပြုတ်မှုဆိုင်ရာအမွေအနှစ်တို့ကို ဖော်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ဆင်နွှဲခဲ့ကြသည်ဟု သိရှိရပါသည်။

သတင်း-BETV Business
Photo: India Embassy to Myanmar(Yangon)
BETV Youtube: https://www.youtube.com/@BETVBusiness
#Mekong_Ganga_Food_Festival_2025 #မဲခေါင်ဂင်္ဂါအိန္ဒိယ-မြန်မာအစားအစာယဉ်ကျေးမှုပွဲတော်
#The_Secretariat #ဝန်ကြီးများရုံး #Culinary_Heritage #India_Women_Association
#Myanmar_Women_Entrepreneurs_Network

See Translation





Comment as Kyi Khai Oo

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း “Mekong-Ganga Food Festival” ပွဲတော် တက်ရောက်အမှာစကားပြောကြား



02/24/2025

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့မှ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့နှင့် ပူးပေါင်း၍ “Mekong-Ganga Food Festival” ပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်ဝန်ကြီးများရုံး၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ငွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွားအမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် ပွဲတော်တက်ရောက်လာကြသူများသည် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပွဲတော်အခမ်းအနားကို ဆီမီးထွန်းညှိပူဇော်၍ စတင်ဖွင့်လှစ်ပေးကာ အသင်းအဖွဲ့များက အိန္ဒိယတေးသီချင်း၊ မြန်မာတေးသီချင်းများ၊ အကအခုန်များဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယနွယ်ဖွားအမျိုးသမီးများ အသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားမှတစ်ဆင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်မည့် အခွင့်အရေးတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Mekong-Ganga Cooperation -MGC) အား အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အာဆီယံ(၅)နိုင်ငံပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများမှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အချက်တစ်ချက်ပါဝင်ပါကြောင်း၊ ယနေ့ အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။